# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၃၉)၊ စက်တင်ဘာ ၁၉ ရက်၊ ၂၀၁၇


## တနင်္သာရီတိုင်းလွှတ်တော် ထပ်ဆင့်မေးခွန်းအတွက် အဖြေ လေးလကျော်ကြာ

**စက်တင်ဘာ ၄၊ ၂၀၁၇**

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် ထပ်ဆင့်မေးမြန်းခဲ့သော မေးခွန်း၏အဖြေကို သက်ဆိုင်ရာဝန်ကြီးက အချိန် ၄ လကျော်ကြာမှ ပြန်လည်ဖြေကြားခဲ့သည်ဟု မေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

ယခုနှစ် မတ်လ ၃၀ ရက်တွင် ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကျွန်းစုမြို့နယ်ရှိ ပထော်တောင်၊ ပထက်တောင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်သည့်မေးခွန်းကို ကျွန်းစုမြို့နယ် ကိုယ်စားလှယ်ဒေါက်တာထူးနေအောင်က မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းကို တိုင်းအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၏ဖြေဆိုမှုမှာ ပြည့်စုံမှုမရှိသည့်အတွက် မေးခွန်းထဲမှ အချက် ၆ ချက်ကို ထပ်ဆင့်မေးမြန်းရာ ဝန်ကြီးမှ စာဖြင့်ပေးပို့ဖြေကြားမည်ဟု လွှတ်တော်တွင် ပြောကြားခဲ့သည်။ ဖြေကြားစာမှာ မေးခွန်းမေးပြီး ၄ လကျော်အကြာ ဩဂုတ်လ ၉ ရက်နေ့ ရက်စွဲဖြင့် ရောက်လာသည်။ သို့သော် ယင်းစာတွင်လည်း ယခင်ဖြေဆိုမှုကဲ့သို့ပင် ဝေ့ဝိုက်ဖြေဆိုထားဆဲဟု အဆိုပါလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

မေးခွန်းတွင် ယင်းတောင်များပေါ်ရှိ လုပ်ငန်းအချို့သည် တရားဝင်/မဝင်၊ လုပ်ငန်းရှင်အချို့က တောင်များအား စိတ်ထင်သလို ဖြိုချခုတ်ဖဲ့လှီးဖြတ်နေသည်မှာ တရားဝင်/မဝင်နှင့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ပါက မည်သို့အရေးယူမည်ကို သိလိုကြောင်း စသည်တို့ ပါရှိသည်။

"ပထော်၊ ပထက် လုပ်ငန်းစဉ်မေးကတည်းက တောင်ဖြိုနေတာတွေ ပါဝင်တော့ အဲဒါလုပ်ငန်းရှင်တွေဘက်ကို ကြိုတင်ပြင်ဆင်လို့ရအောင် အချိန်များပေးထားသလားပေါ့လေ"ဟု ဒေါက်တာထူးနေအောင်ကပြောသည်။

ဝန်ကြီးကမူ စာဖြင့် ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားနိုင်ရန်အတွက် ဌာနဆိုင်ရာအဆင့်ဆင့်အား ကွင်းဆင်း စစ်ဆေးခိုင်းရာ ကွင်းဆင်းရန် ကြန့်ကြာနေခြင်း၊ အစီရင်ခံစာများရလာသော်လည်း အချက်အလက်မပြည့်စုံ၍ ပြန်လည်ကွင်းဆင်း တင်ပြစေခြင်းများ ပြုလုပ်နေရ၍ ကြန့်ကြာနေခြင်းဖြစ်ကြောင်း ပြောသည်။

"ကိုယ်တိုင်လည်း ကွင်းဆင်းခဲ့ပါသေးတယ်၊ အတတ်နိုင်ဆုံးမြန်အောင် ပြန်ဖြေနိုင်ဖို့ ကြိုးစားပါတယ်၊ ခုန(အပေါ်က အချက်များ)က အခက်အခဲတွေတော့ ရှိတာပေါ့"ဟု ဝန်ကြီးကပြောသည်။ (ကိုးကား:- Dawei Watch)

## ဖြည့်စွက်ခွင့်ပြုငွေ တိုင်းအစိုးရအဖွဲ့ရုံး ဒုတိယအများဆုံး တောင်းခံ

**စက်တင်ဘာ ၇၊ ၂၀၁၇**

တနင်္သာရီတိုင်းဒေသကြီး ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သန်းပေါင်း တစ်သောင်းကျော်အား ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြတောင်းခံရန် ဩဂုတ်လ ၂၈ ရက်တွင် ကျင်းပသည့် တိုင်းလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် သဘောတူခဲ့သည်။

တိုင်းအတွင်း ဌာနအဖွဲ့အစည်း ပေါင်း ၂၄ ခုရှိရာ ဌာနအဖွဲ့အစည်းပေါင်း ၁၅ ခုက ယခုနှစ်၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခဲ့ပြီး ယင်းတို့အနက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဒုတိယအများဆုံးတောင်းခံခဲ့ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ပြောသည်။

ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်းတစ်သောင်းခွဲကျော်ထဲမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက ကျပ်သန်းလေးထောင်ကျော်တောင်းခံခဲ့ပြီး တိုင်းတစ်ခုလုံးအတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုပမာဏ၏ ၃၀ ရာခိုင်နှုန်းကျော် ရှိသည်။

ဝန်ကြီးချုပ်ဦးဆောင်သော တိုင်းဒေသကြီးဘဏ္ဍာငွေ စိစစ်ရေးကော်မတီမှ စိစစ်ရာတွင် လွှတ်တော်ကတိကဝတ်များအပါအဝင် တိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် ညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသအတွင်း ပြည်သူလူထု၏လိုအပ်ချက်နှင့်ကိုက်ညီသော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်စသဖြင့် မူဝါဒများနှင့်အညီဖြည့်စွက်ခွင့်ပြုငွေကို စိစစ်ခွင့်ပြုထားခြင်းဖြစ်ကြောင်း ဝန်ကြီး ဦးဖြိုးဝင်းထွန်းက လွှတ်တော်တွင် ပြောသည်။

ဖြည့်စွက်ခွင့်ပြုငွေသည် ဒေသအတွင်း မဖြစ်မနေ သုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များအတွက်သာ တောင်းခံရသော နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေဖြစ်သည်။ (ကိုးကား:- Dawei Watch)

# လေ့လာပြီးမှ ထောက်ပြဆွေးနွေးကြရန် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မွန်ပြည်နယ်ဝန်ကြီးချုပ် သတိပေး

**စက်တင်ဘာ ၁၃၊ ၂၀၁၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ လျာထားချက် တင်သွင်းခြင်းနှင့်စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးသည့်ကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးလေ့လာပြီးမှ ပြောဆိုဆွေးနွေးကြရန် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သတိပေးပြောကြားခဲ့သည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူး(ပေါင်-၂)က "လူဦးရေနဲ့ခွဲတာလား၊ ဖွံ့ဖြိုးရေးအနေနဲ့ခွဲတာလား၊ ပညာရေး ကျန်းမာရေးအနေနဲ့ ခွဲတာလား၊ ဘယ်အနေအထားနဲ့ခွဲတာလဲ၊ အမြင့်ဆုံးဖြစ်တဲ့ မော်လမြိုင်မှာ ၃,၃၉၅ သန်းဆိုပြီးတော့ ပေးထားတယ်။ အနိမ့်ဆုံးဖြစ်တဲ့ ပေါင်မြို့နယ်က ၂၅၃ သန်းပဲရတယ်"ဟု ထောက်ပြခဲ့ခြင်းဖြစ်သည်။



အစိုးရသည် ဘတ်ဂျက်ရေးဆွဲခြင်း မဟုတ်ဘဲ မြို့နယ်မှတင်ပြလာသည့်အချက်များကို မူဝါဒနှင့်ညှိပြီးမှ ဘတ်ဂျက်ထည့်ဆွဲရကြောင်း၊ လေ့လာထားခြင်းမရှိဘဲ မေးမြန်းမည်ဆိုပါက မေးခွန်းများဆိုင်းနေရမည့်ကိစ္စ အမြဲမပြတ်ဖြစ်ပေါ်နေမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

"ဒါကြောင့်မို့လို့ စီမံကိန်းကော်မရှင် အစည်းအဝေးတွေကို မြို့နယ်တွေမှာလုပ်ရင် မြို့နယ်တွေမှာ သွားတက်ကြပါ။ အဲဒီကအတည်ပြုတာကို ကျွန်တော်တို့ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒအတိုင်းဆွဲပါတယ်။ မူဝါဒမရှိဘဲ စည်းမဲ့ကမ်းမဲ့တစ်ခုမှ မလုပ်ခဲ့ပါဘူး။ ကျွန်တော်တို့ ရွေးကောက်ပွဲကြေညာစာတမ်းအတိုင်း ကျွန်တော်တို့လုပ်နေ တာဆိုတာ ဒါကိုသတိမူကြပါ"ဟုလည်း ၎င်းက ပြောသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရ၏ လုပ်ဆောင်နေရသည့် အခက်အခဲများကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ပြည်ထောင်စုကခွဲဝေသည့်ဘဏ္ဍာငွေများသည် ပြည်နယ်အစိုးရကရေးဆွဲ၍ လွှတ်တော်တွင်တင်ပြပြီး အစည်းအဝေးခေါ်ယူရမည်ကို လွှတ်တော်နည်းဥပဒေ အခန်း ၁၄ ပုဒ်မ ၁၄၈တွင် ဖော်ပြထားကြောင်း သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူက ပြောကြားသည်။

**(ကိုးကား-ဟသ်ာမီဒီယာ၊ www.burmese.bnionline.net)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်
စုစည်းတင်ပြသူ
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း
ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅
www.emref.org
www.mypilar.org
www.facebook.com/emrefmyanmar

# ပုလဲမွေးရေပြင်ဧရိယာမေးခွန်း လိုအပ်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပို့မည်

**စက်တင်ဘာ ၆၊ ၂၀၁၇**

ကျွန်းစုမြို့နယ်ရှိ ပုလဲမွေးမြူရေးကုမ္ပဏီများ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းတည်နေရာ၊ ဧရိယာအကျယ်အဝန်းမှာ နိုင်ငံတော်မှချထားပေးသော တည်နေရာ၊ ဧရိယာအကျယ်အဝန်းများနှင့် ကိုက်ညီမှုရှိ/မရှိစစ်ဆေးရန် လိုအပ်နေပြီဟုယူဆသဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ကာ မေးမြန်းရန် စီစဉ်သွားမည်ဟု တနင်္သာရီတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်(ကျွန်းစု-၁)က ပြောသည်။ ပုလဲမွေးမြူရေးလုပ်ငန်းများကို ပြည်ထောင်စုအဆင့်မှ တိုက်ရိုက်ကိုင်တွယ်လုပ်ပိုင်ခွင့်ချထားပေးခြင်း ဖြစ်သည်။

ဩဂုတ်လ ၃၁ ရက်က ကျင်းပသော တိုင်းလွှတ်တော်အစည်းအဝေးတွင် ကျွန်းစုမြို့နယ်အတွင်းရှိ ပုလဲမွေးမြူရေးလုပ်ငန်း ရေပြင်ဧရိယာများနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ ဖြေကြားချက်မှာ ကွာဟကွဲလွဲမှုအချို့ရှိနေကြောင်း ဦးတိုးလွင်က ပြောသည်။

"ဒီကွာဟချက်တွေကို ဝန်ကြီးနဲ့ အလွတ်သဘောညှိနှိုင်းနေတာတွေရှိတယ်။ ညှိနှိုင်းဆောင်ရွက်ရင်းနဲ့မှ ပြည်ထောင်စုမှာမေးရမယ့်အဆင့်လို့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကသတ်မှတ်ရင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွေမှာ ဆက်လက်မေးသွားဖို့ ရှိပါတယ်"ဟု ဦးတိုးလွင်ကပြောသည်။ **(ကိုးကား-Dawei Watch)**



## သတင်းဓာတ်ပုံ

Parliamentary Center (Canada)နှင့် ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင် (EMReF)တို့ပူးပေါင်း၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် "လွှတ်တော်ဆိုင်ရာသုတေသနသင်တန်း"ကို တောင်ကြီးမြို့၌ (စက်တင်ဘာ ၄ ရက် မှ ၈ ရက်ထိ) ၅ ရက်ကြာ ပို့ချခဲ့သည်။

# ရာဘာစက်ရုံများ ပြည်သူနှင့်ကင်းလွတ်ရာ ပြောင်းရွှေ့ပေးရေးအဆို မွန်လွှတ်တော်အတည်ပြု

**စက်တင်ဘာ ၁၁၊ ၂၀၁၇**

မွန်ပြည်နယ်အတွင်းရှိ ရာဘာစက်ရုံများကို ခရီးသွားပြည်သူများ ကင်းလွတ်ရာ၊ အတည်တကျနေထိုင်ကြသော ရပ်ကွက်ပြည်သူများနှင့် ကင်းဝေးရာသို့ ပြောင်းရွှေ့ပေးရေး အလေးအနက်တိုက်တွန်းကြောင်း အဆိုအား မွန်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှ စက်တင်ဘာလ ၈ ရက်က အတည်ပြုခဲ့သည်။ ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသီဂီမော် (မုဒုံ-၁)ကတင်သွင်းခဲ့ပြီး ကိုယ်စားလှယ် ၅ ဦးကဆွေးနွေးကာ ကန့်ကွက်သူမရှိ လွှတ်တော်မှအတည်ပြုခဲ့သည်။

မုဒုံမြို့အဝင်ရှိ ဖူးရှင်း၊ ဖူလီလိုက်၊ ရွှေမြန်မာ၊ ဟိုက်ဝင်း ရာဘာစက်ရုံ ၄ ရုံတို့ကို စွန့်ပစ်ရေကန်တည်ဆောက်ခြင်း၊ စွန့်ပစ်သည့်စနစ်၊ ကုန်ကြမ်းထားသိုလှောင်ခြင်း လုပ်ငန်းများ မပြည့်စုံသဖြင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနသို့ ဆက်သွယ်ပြီး လိုအပ်သည်များ ပြန်လည်ရေးဆွဲရန် ညွှန်ကြားထားကြောင်း ပြည်နယ်အစိုးရအဖွဲ့က ပြန်လည်ရှင်းလင်းခဲ့သည်။



**စွန့်ပစ်ရာဘာရေဆိုးများ။** ဓာတ်ပုံ-MNA

လက်ရှိတွင် ယင်းရာဘာစက်ရုံများကို ယာယီရပ်ဆိုင်းထားပြီး ပတ်ဝန်းကျင်ဆိုင်ရာစီမံမှုများ လိုက်နာမှုမရှိပါက စက်ရုံပိတ်သိမ်းသွားမည်ဟု မွန်ပြည်နယ်ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က ပြောသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်က "ဒီရာဘာရုံတွေကို အစိုးရ သဘာဝပတ်ဝန်းကျင် အစီအစဉ် EMP မရှိရင် ပိတ်သိမ်းရန်အသင့်ပါ၊ နောက်ထပ်တည်ဆောက်မယ့် စက်ရုံတွေလည်း သဘောဝပတ်ဝန်းကျင် အစီအစဉ် လုပ်ဆောင်ရမှာဖြစ်တယ်"ဟု ဆိုသည်။ **(ကိုးကား- မွန်သတင်းအေဂျင်စီ)**

# သတင်းတို

● စက်တင်ဘာ ၁၂ ရက်က ကျင်းပသော မွန်ပြည်နယ်လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခဲ့ရာ ကော်မတီလုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့ကို ကော်မတီဥက္ကဋ္ဌဒေါ်ခိုင်ခိုင်လဲ့က တင်ပြကာ ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်ရယူခဲ့သည်။ ယင်းကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တရားလွှတ်တော်ရုံး၊ ဥပဒေချုပ်ရုံး၊ လူမှုဝန်ထမ်းရုံး၊ လူကုန်ကူးရဲတပ်ဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစုံစမ်းစစ်ဆေးရေးဌာန၊ မော်လမြိုင်တက္ကသိုလ်တို့မှ ပြည်နယ်အဆင့် အဆင့်မြင့်အရာရှိများ၊ CSOs များ ပါဝင်ဖွဲ့စည်းထားသည်။
**(ကိုးကား- www.monhluttaw.com/ ခိုင်ခိုင်လဲ့ဖေ့စ်ဘွတ်)**

● ရေချိုငါးလုပ်ငန်းဥပဒေနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှစ်ရပ်သည် ဥပဒေပြုရေးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက် မှ ၁၄ ရက် အထိ အင်းသားကြီးများနှင့် ကြားနာခြင်း၊ ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ခဲ့ကြသည်။ **(ကိုးကား- ဇင်မိုးထိုက်ဖေ့စ်ဘွတ်)**

● မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရှိ တပ်မတော်သားကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးတို့ကို လွှတ်တော်အထောက်အကူပြု ဆက်သွယ်ရေးနှင့် နည်းပညာဆိုင်ရာသင်တန်းများ ပြုလုပ်ခဲ့သည်။ ယင်းသင်တန်းကို ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတကာ လွှတ်တော်များတွင် အသုံးပြုနေသည့် e-Parliament စနစ်များကို အခြေခံရေးဆွဲထားသည့် သင်ရိုးများဖြင့် စက်တင်ဘာ ၁၃ရက်မှ ၁၅ ရက်အထိ သုံးရက်ကြာ ပို့ချခဲ့သည်။ **(ကိုးကား-www.7daydaily.com)**